# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၈-၁၁-၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်၊ တိုက်ယံကျေးရွာနှင့် အံပေါ်ကျေးရွာတစ်လျှောက်ရှိ လယ်မြေများ ပြန်လည်ဖော်ထုတ်ခြင်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စက်ယန္တရားများ၊ နည်းပညာရှင်များနှင့် လိုအပ်သောရန်ပုံငွေ ပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများပေါ် ဆည်မြောင်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်ကျေးရွာအနီးရှိ ကျောက်ဆည်ကန်၏ သဲနုန်းများ တူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ ရွာသစ်ရွာနှင့် နောင်ခမ်းကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ခေတ်ကာလနှင့် လျော်ညီသော မြေခွန်နှုန်းထားများ ပြင်ဆင် သတ်မှတ်ကောက်ခံရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်မြင့်ရှိန်၊ မဘိမ်း မဲဆန္ဒနယ်၏ **သဘာဝဘေးဒဏ်ကြောင့် ပြိုကျ ပျက်စီးနေသော ဘဟဲကျေးရွာရှိ ဝေွးတောက်ရှိ (သီရိနန္ဒာ ကန်တော်)အား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **(၁၆" = ၁ မိုင်) စကေးဖြင့် သာ မြေပုံရေးဆွဲခွင့်ရှိသည့် မြေပုံမြို့အပါအဝင် အခြားမြို့များအား (၆၄" = ၁ မိုင်) စကေး မြို့ကွက်မြေများအဖြစ် သတ်မှတ် တိုင်းတာနိုင်ရေးအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က **“မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက် ချေးပေးသော ပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။